## ဒန့်သလွန်ပင် စိုက်ပျိုးရေး
## (တိုးချဲ့စိုက်ပျိုးသင့်သော ဈေးကွက်ဝင် ဒန့်သလွန်ပင်)

**မူမူ (မလှိုင်)**

မြန်မာ့ ရေ၊ မြေ၊ ရာသီဥတုနှင့် မြေပြင်နိမ့်မြင့်အနေအထား အမျိုးမျိုးအရ နိုင်ငံ၏ ဒေသတနံ့တလျား စိုက်ပျိုးသီးနှံများစုံစုံလင်လင် စိုက်ပျိုးဖြစ်ထွန်းပါသည်။ ကွင်းကျယ်စနစ် စိုက်ပျိုးသီးနှံများ စပါး၊ပြောင်း၊နှမ်း၊မြေပဲ၊နေကြာ၊ပဲမျိုးစုံ မှသည် ဥယျာဉ်ခြံသီးနှံ၊ဟင်းသီးဟင်းရွက်၊စားဖိုဆောင်သီးနှံ၊ ဟင်းခတ်အမွှေးအကြိုင်သီးနှံများ၊ သစ်သီးဝလံ ၊ပန်းမာန်၊ အဖျော်ယမကာသီးနှံများ၊ သာမကစက်မှုကုန်ကြမ်းသီးနှံအစရှိသောသီးနှံစုံကိုရာသီအလိုက်ဒေသအလိုက်စိုက်ပျိုးထုတ်လုပ်နိုင်ကြပါသည်။ရာသီဥတုပြောင်းလဲလာမှုအရမိုးများခြင်း၊မြေပြိုခြင်း၊ရေလွှမ်းမိုးခြင်း၊နွေမှာရေမလုံလောက်ခြင်း၊ သွင်းအားစုစရိတ် မြင့်မားလာခြင်း အခက်အခဲမျိုးစုံကိုကြုံတွေ့နေကြရပြီး သီးနှံစိုက်ပျိုးမှုပျက်စီးဆုံးရှုံးရမှုအခြေအနေများခပ်စိပ်စိပ်ကြုံတွေ့လာရခြင်းမှ ရုန်းထွက်နိုင်ရန် စိုက်ခင်းမှတခြား ဝင်ငွေရနိုင်မည့် နည်းလမ်းများကို ရှာဖွေသင့်ပါသည်။

မြန်မာနိုင်ငံ၏ စိုက်ပျိုးရေးကဏ္ဍ ပြောင်းလဲလာမှုကို ခြုံငုံသုံးသပ်ရလျှင် ရှေးဘုရင်များ၏ ပဒေသရာဇ်အုပ်ချုပ်ရေးစနစ်မှသည် ယခု ၂၁ ရာစု စိုက်ပျိုးရေးစနစ်များထိ သီးနှံစိုက်ပျိုးပုံ၊ ထုတ်လုပ်ပုံ၊ထပ်ဆင့်အသုံးပြုမှု အဆင့်ဆင့်သည် မူရင်းမပြတ် ရှိနေသည်များ ပါဝင်သလို ပြောင်းလဲလာသည့်အသွင်သဏ္ဍာန်များလည်းများစွာရှိပါသည်။ ရှေးယခင်က တစ်နှစ် တစ်သီးစား စနစ်၊ မိုးရေကိုသာအဓိကအားထားစိုက်ပျိုးခဲ့ကြရာမှ ပုဂံခေတ်(အထူးသဖြင့် အနော်ရထာမင်း လက်ထက်)တွင်ရေသွင်းစိုက်ပျိုးမှုစနစ်များစနစ်တကျစတင်ခဲ့သည်ဟုယူဆရသည်။အပူပိုင်းဇုန် ဒေသများတွင်စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဆည်မြောင်းများ၊ ကန်များနှင့် ရေလှောင်တမံ များစွာကိုတည်ဆောက်ခဲ့ကြသည်။ ရေသွင်းစိုက်ပျိုးနိုင်သည်မှ စတင်ကာ သီးထပ်သီးညှပ် စိုက်ပျိုးမှုထွန်းကားလာခဲ့သည်။ယခင်မိုးရာသီတစ်ခုတည်းအားပြုစိုက်ကြရာမှမိုးနှောင်းရာသီတွင် ပါစိုက်ပျိုးမှု၊ နောင်တွင် မိုးကြို၊မိုး၊မိုးနှောင်းဟူ၍ စိုက်ပျိုးရာသီသုံးမျိုးခွဲခြားပြီး ရာသီလိုက်သီးနှံ ရွေးချယ်စိုက်ပျိုးမှုများမှတဆင့်တစ်နှစ် သုံးသီးစားစိုက်ပျိုးထုတ်လုပ်မှုအထိ တိုးပွားပြောင်းလဲလာခဲ့ပါသည်။ စိုက်ပျိုးရေးထွက်ကုန်များကို တပိုင်တနိုင် မိသားစုစားသုံးရန်သာထုတ်လုပ်သည်မှ ပိုလျှံသည် ကိုရောင်းချခြင်းဖြင့် အသက်မွေးဝမ်းကြောင်းပြုခဲ့ကြရာ ဈေးကွက်စီးပွားရေးစနစ် စတင်လာသောအခါ ဈေးကွက်ဝင်သီးနှံကို ဦးစားပေးရွေးချယ်စိုက်ပျိုးလာကြပြီး ကုန်သွယ်မှု စနစ်များ ဆက်သွယ်ရေးစနစ်များ ပြောင်းလဲလာသောအခါ အဆင့်မြင့်ထုတ်ကုန်စနစ်ပါတိုးတက် ပြောင်းလဲလာပါသည်။ ထို့အတူပင်စိုက်ပျိုးသီးနှံထုတ်လုပ်မှုတွင် စိုက်ပျိုးဧကတိုးတက်ရေးမှသည် တဧကအထွက်နှုန်းမြင့်မားရေးကိုဦးတည်ပြောင်းလဲလာခဲ့ကြသည်။

ဤတွင်ဈေးကွက်လိုအပ်ချက်များပြည့်မီစေရန် အရည်အသွေးကောင်း၊ အရည်အချင်း ပြည့်သီးနှံများ အရေအတွက်များများ ထုတ်လုပ် ပေးနိုင်ရေး ကြိုးပမ်းဆောင်ရွက်ရာမှ သီးနှံများ မျိုးပြောင်းလဲခြင်း၊စိုက်နည်းစနစ်ပြောင်းလဲခြင်း၊သီးနှံပင်တွက်လိုအပ်သောသဘာဝပတ်ဝန်းကျင်

ကိုပြုပြင်ဖန်တီးစိုက်ပျိုးခြင်း၊သွင်းအားစုစနစ်ထောက်ကူရခြင်း၊သီးနှံကာကွယ်ရေးစနစ်များဖြည့်စွက်လာရခြင်း၊ အသုံးပြုသည့် သွင်းအားစုနှင့် ထွက်ကုန် အရည်အသွေးစစ်ဆေးခြင်း စနစ်ဖြင့် ကုန်သွယ်မှုစနစ် အဆင်ချောမွေ့စေရေး ဆောင်ရွက်ရခြင်းဆိုသော ကဏ္ဍအသီးသီးမှာ တစ်နွယ်ငင်တစ်စင်ပါ စိုက်ပျိုးရေး ကုန်ထုတ်လုပ်မှု ကြီးမားကျယ်ပြန့်စွာဖြင့် ဝိုင်းဝန်းဆောင်ရွက်နေကြသော လုပ်ငန်းရပ်အဖြစ် မြင်တွေ့နိုင်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် အသုံးဝင်မှု၊ စားသုံးသူအတွက်အထောက်အကူပြုမှု အစစသောဆက်နွယ်အသုံးပြုနိုင်မှုများကိုပါ လေ့လာဆန်းစစ် သုတေသနပြုမှုများဖြင့် စိုက်ပျိုးထုတ်လုပ်မှုကိုမြှင့်တင်နေကြရပါသည်။ ထိုနေရာတွင် တစ်ထောင့်တစ်နေရာမှ အကျိုးပြု အသုံးဝင်အပင်တစ်ပင်လုံးကနေ အရွက်၊ အသီး၊ အပွင့်၊ အမြစ်အထိ အသုံးဝင်ပြီး "အစာလည်း ဆေး၊ ဆေးလည်း အစာ"ဆိုသည့်အတိုင်း ကျန်းမာရေးအတွက် အလွန်အကျိုးရှိသော မြန်မာ လူမျိုးများကြိုက်နှစ်သက်လှသည့်သီးစုံချဉ်ရည်ဟင်းနှင့် ဟင်းရွက်စုံ အချိုရည်ဟင်းတွင် မပါမဖြစ် အသုံးဝင်လှသောဒန့်သလွန်ပင်စိုက်ပျိုးခြင်းကိုတင်ပြလိုပါသည်။

အရွက်ကိုဟင်းချိုချက်၍စားသုံးနိုင်သလိုအပွင့်ကိုလည်းရေနွေးဖျော၍လက်သုပ်သုပ်စား၍ရနိုင်သည်။ဒန့်သလွန်သီးသည်သီးစုံပဲကုလားဟင်းချက်ရာတွင် မပါမဖြစ်သောသီးနှံတစ်မျိုးဖြစ်သည့်အပြင် ဒန့်သလွန်စေ့မှာလည်းသွေးတိုးရောဂါရှိသူများအတွက်အစေ့ကိုဝါးစားပါက သွေးတိုးရောဂါထိန်းနိုင်ကြောင်း၊ဆေးဖက်လဲဝင်စီးပွားလည်းဖြစ်ဝင်ငွေတိုးသောကြောင့်ဒန့်သလွန်ပင်ကိုစိုက်ပျိုးသင့်ပါသည်။ဒန့်သလွန်အရွက်အမှုန့်သည်ဟင်းချက်၊အဖျော်ယမကာ၊ဆေးဖက်ဝင်အသုံးပြုမှုအတွက်အလွန်အသုံးဝင်သောထုတ်ကုန်အဖြစ်ဈေးကွက်ဝင်လျှက်ရှိပါသည်။

တစ်ကမ္ဘာလုံးရှိ ဒန့်သလွန် ဈေးကွက်သည် ၂၀၂၂ ခုနှစ်တွင် ခန့်မှန်းအားဖြင့် အမေရိကန်ဒေါ်လာ (ဘီလီယံ ၅.၉)တန်ဖိုးရှိပြီး ၂၀၃၀ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၂.၁၈) (ဘီလီယံအထိ ရောက်ရှိမည်ဟု ခန့်မှန်းထားသည်။ ဒန့်သလွန်ထုတ်ကုန်ဈေးကွက်သည် ၂၀၂၁ ခုနှစ်တွင် အမေရိကန်ဒေါ်လာ (ဘီလီယံ ၇၉.၇)မှ ၂၀၂၈ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၈၀.၁၄ ဘီလီယံ အထိ တိုးတက်လာမည်ဖြစ်ပြီး (၆၃.၉)ရာချိုင်နှုန်းဖြင့် တိုးတက်လာမည်ဟု ခန့်မှန်းထားသည်။ ဤအချက်အလက်များမှ ဒန့်သလွန် ထုတ်ကုန်ဈေးကွက်သည် အလွန် ခိုင်မာပြီး တိုးတက် လာနေသည်ကို ပြသပါသည်။ အိမ်နီးချင်း အိန္ဒိယ နှင့် တရုတ် နိုင်ငံများတွင် ဒန့်သလွန်ပင်၏ အရွက်၊အသီး၊အစေ့၊ ဆီ တို့ကိုအသုံးပြုပြီး တဆင့်မြင့်ထွက်ကုန်အမျိုးမျိုးဖြစ်သောဆေးဝါး၊ စားသောက်ကုန်၊အဖျော်ယမကာ၊ အလှကုန်ပစ္စည်း အထူးသဖြင့် အရေးပြားထိန်းသိမ်းသည့် လိမ်းဆေး၊ မုန့်မျိုးစုံလုပ်ငန်း စသဖြင့်တွဲဖက်အသုံးပြုနေကြကြောင်းသိရှိရပါသည်။ ဒန့်သလွန်ရွက်မှုန့်ကို ဆေးဝါးထုန်လုပ်မှု၊တိရစ္ဆာန်အစာတောင့်ပြုလုပ်မှု များတွင် အသုံးပြုကြပြီး တင်ပို့ ရောင်းဝယ်ဖလှယ်မှုများအနေနှင့် North America (U.S, Canada and Mexico), Europe (UK, Germany, France, Italy, Spain, Russia and Rest of Europe), Asia-Pacific (China, India, Japan, South Korea, Australia & New Zealand, and Rest of Asia-Pacific), South

America (Brazil, Argentina, Rest of South America) and Rest Of The World (Middle East, Africa) စသဖြင့် ကမ္ဘာတလွှား ကျယ်ပြန့်စွာရှိကြောင်း သိရှိရပါသည်။





**ဒန့်သလွန်ပင် စိုက်ပျိုးနည်း**

ဒန့်သလွန်ပင်သည် မြန်မာအမည် – ဒန့်သလွန်ပင်၊ အင်္ဂလိပ်အမည် – DRUM STICK ရုက္ခဗေဒအမည် – *Moriga oleifera* ၊ မျိုးရင်းအမည် – MORINGACEAE ဖြစ်ပါသည်။ ဒန့်သလွန်ပင်သည် အပူပိုင်းသီးနှံ ဖြစ်သော်လည်း တောင်ပေါ် မြေပြန့်မရွေး ဖြစ်ထွန်းသဖြင့် ရာသီဥတုမရွေးသောအပင်ဖြစ်ပါသည်။ မူရင်းဒေသမှာ တောင်အာရှဒေသ (အိန္ဒိယမြောက်ပိုင်း) ဖြစ်ပြီးသစ်ပျော့ပင်အမျိုးအစားဖြစ်ပါသည်။သဲဆန်လွန်းသောမြေနှင့်ကျောက်စရစ်မြေများမှလွဲ၍ မြေမရွေး ဖြစ်ထွန်း နိုင်ပါသည်။ ဒန့်သလွန်စိုက်ပျိုးရန် မြေသြဇာထက်သန်ပြီး ရေမဝပ်သော နုန်းမြေ၊သဲနုန်းမြေ၊နုန်းမြေစေးများမှာအကောင်းဆုံးဖြစ်ပါသည်။ မြန်မာနိုင်ငံတွင်အိမ်ခြံဝင်းများ၌စားသုံးသီးပင်အဖြစ်တစ်ပင်နှစ်ပင်ခန့်စိုက်ပျိုးကြသော်လည်းစနစ်တကျစီးပွားဖြစ်စိုက်ပျိုးကြခြင်း မရှိကြသေးပါ။

ကမ္ဘာအနှံ့အပူပိုင်းရေသာမပိုင်းဒေသများတွင်ပါ စိုက်ပျိုးဖြစ်ထွန်းပါသည်။ ကြီးထွားလွယ်ပြီးရေသောက်သုံးမှုနည်းသည့်အတွက် နေရာဒေသတော်တော်များများမှာ စိုက်ပျိုးနိုင်သည်။ စိုက်ပျိုးရန်လိုအပ်ချက်များညအပူချိန် (၂၅–၃၀) ဒီဂရီစင်တီဂရိတ်၊ မိုးခေါင်ဒဏ်ခံနိုင်ပြီး မိုးရေချိန်နှစ်စဉ်(၂၅၀–၁၅၀၀)မီလီမီတာရွာသွန်းပါကကောင်းစွာဖြစ်ထွန်းပါသည်။ ပင်လယ်မြေမျက်နှာပြင်

အထက်(၁၈၀၀-၃၆၀၀)ပေအထိ စိုက်ပျိုးနိုင်ပါသည်။ မြေအမျိုး အစားတော်တော်များများတွင် ဖြစ်ထွန်းသော်လည်းအချိန်အတော်အကြာရေဝပ်ခြင်းကိုမခံနိုင်ပါ။ မြေချဉ်ငန်ဓာတ်(၅-၈)အတွင်း စိုက်ပျိုးနိုင်ပါသည်။

ဒန့်သလွန်ပင်ကို အကိုင်းဖြတ်၍ လည်းကောင်း၊ အစေ့တိုက်ရိုက် မြေချ၍ လည်းကောင်း စိုက်ပျိုးလေ့ရှိကြသည်။ အကိုင်းဖြတ်စိုက်ခြင်းကို မိုးဦးကျချိန် ဇွန်လတွင်ဆောင်ရွက်ရသည်။ တစ်ပင်နှင့်တစ်ပင် ပေ(၂၀) ခန့်ခြား၍ စိုက်ရပါသည်။ စိုက်မည့်နေရာကို (၃ x ၃ x ၃) ပေ ကျင်းတူး၍ မြေသားနှင့် နွားချေးဆွေး (သို့မဟုတ်) သစ်ရွက်ဆွေး မြေဩဇာဆတူခန့်ရော၍ ထည့်ရပါမည်။ အချင်းတစ်လက်မခန့် အရှည်ရှိ တစ်နှစ်သား အဖျားကိုင်းများကို ဖြတ်၍ စိုက်ကျင်းတွင် စိုက်ပါ။ စိုက်ကျင်းအတွင်းတွင် အနည်းဆုံး အနက်(၆)လက်မ အထိ အကိုင်းကို မြှုပ်စိုက်ပါ။အကိုင်းစိုက်ပြီးနောက်မိုးမရွာပါကအနည်းဆုံးတစ်နေ့တစ်ကြိမ်ရေလောင်းပေးရမည်။ အမြစ်ထွက်လွယ်သောအပင်ဖြစ်သဖြင့်မြေချစိုက်ထားသောအကိုင်းသည်စိုက်ပြီးတစ်ပတ်အတွင်း အမြစ်ထွက်ပြီးရှင်သန်ဖြစ်ထွန်းလေ့ရှိပါသည်။ကိုင်းဖြတ်စိုက်ပျိုးသည့်ဒန့်သလွန်ပင်မှာ ၂-နှစ်သား အပင်တွင်စတင်သီးပွင့်နိုင်ပါသည်။အပင်(၄)နှစ်သား၊(၅)နှစ်သားရောက်မှအသီးများများသီးလေ့ရှိ သည်။

အစေ့တိုက်ရိုက်ချစိုက်နည်း ဖြင့်စိုက်လျှင်မျိုးစေ့ယူရန် အတွက် နွေကာလ(မတ်လ၊ဧပြီလ) များတွင်ကောင်းစွာရင့်မှည့်သောဒန့်သလွန်သီးသည်ဖြူမွဲမွဲရောင်ရှိပြီးကောင်းစွာရင့်မာနေရမည်။ ဒန့်သလွန်သီးမှ အစေ့ယူပြီး မိုးဦးကျချိန် ဇွန်လတွင် မြေချစိုက်ပျိုးနိုင်ပါသည်။ မြေချစိုက် မည့်နေရာ ကို (၁ x ၁ x ၁) ပေ ကျင်းတူးပြီး မြေသားနှင့် နွားချေး ဆွေး သို့မဟုတ် သစ်ရွက်ဆွေးမြေဩဇာ ဆတူရော၍ထည့်ရပါမည်။ ထို့နောက် ကျင်းအလယ်တွင် အစေ့ကို တစ်လက်မခန့် မြေမြှုပ်၍ စိုက်ရပါမည်။ စိုက်ချိန်တွင် မိုးမရွာပါက နေ့စဉ် အနည်းဆုံးတစ်ကြိမ် ရေလောင်းပေးရန်လိုသည်။အစေ့စိုက်ပြီးတစ်ပတ်အကြာတွင်အပင်ပေါက်လာမည်။

အစေ့စိုက်ပင်တွင်လည်း တစ်ပင်နှင့်တစ်ပင် ပေ(၂၀) ခြား၍ စိုက်ခြင်းဖြင့် တစ်ဧကတွင် (၁၀၈) ပင်ဝင်မည် ဖြစ်သည်။ ဒန့်သလွန် အစေ့စိုက်ပင်သည် ကိုင်းဖြတ်စိုက်ပင်ကဲ့သို့ပင် (၂) နှစ်သားတွင်စတင်ပွင့်သီးနိုင်ပြီး(၄)နှစ်(၅)နှစ်သားရောက်မှအသီးဖြိုင်ဖြိုင်သီးလေ့ရှိသည်။အကိုင်း ဖြတ်စိုက်ပင်ထက်အစေ့စိုက်ပင်က အသီးပိုသီး လေ့ရှိသည်။ ပင်ကြားတန်းကြားအကွာအဝေး ၂.၅ မီတာ (၇.၅ ပေ) ပတ်လည်ဖြင့်စိုက်ပါက တစ်ဧကလျှင် အပင်ရေ (၄၀၀၀) ထိစိုက်ပျိုးနိုင်ပါသည်။

ဒန့်သလွန်ပင်အကိုင်းကို မြေထုပ်စီးနည်းဖြင့်လည်း စိုက်ပျိုးနိုင်ပါသည်။ မြေထုပ်စီး၍ စိုက်ခြင်းသည် ကိုင်းဖြတ်စိုက်ခြင်းထက် အပင်ဖြစ်ထွန်းရန်ပို၍ သေချာပါသည်။ သို့ရာတွင် ကိုင်းဖြတ်စိုက်နည်းဖြင့် လွယ်ကူစွာ စိုက်ပျိုးဖြစ်ထွန်းလျက်ရှိသဖြင့် မြေထုပ်စီးစိုက်ပျိုးခြင်းကို အသုံးပြု ခြင်းမရှိကြချေ။ သီးညှပ်အနေနှင့်လည်းစိုက်ပျိုးနိုင်ပြီး နှမ်း၊ သခွား၊ ကြက်သွန်၊ မတ်ပဲ စသည့်ကောက်ပဲသီးနှံများနှင့်လည်းရောနှောစိုက်နိုင်သည်။အုန်း၊ သရက် တို့နှင့်လည်း တွဲစိုက် နိုင်ပါသည်။ အများစုမှာဒန့်သလွန်ပင်စိုက်ပျိုးကြရာတွင်စနစ်တကျပြုစုခြင်းမရှိသေးပါ။

အမှန်မှာဒန့်သလွန် စိုက်ခင်းကို မိုးဦး တွင်တစ်ကြိမ်၊ မိုးအကုန်တွင်တစ်ကြိမ်၊ အပင်များ

ကြားတွင် ပေါင်းမြက်များ ရှင်းလင်းပေးရပါမည်။ ဒန့်သလွန်ပင်သည် ရေငတ်ခံနိုင်သော အပင်ဖြစ်သော်လည်းပူပြင်းခြောက်သွေ့သည့်မတ်လ၊ဧပြီလများတွင်(၂)ရက်လျှင်တစ်ကြိမ်ကျရေ သွင်းရေလောင်းပေးသင့်ပါသည်။

ဒန့်သလွန်ပင်စိုက်ရာတွင်မြေသြဇာကိုစနစ်တကျကျွေးခြင်းမရှိသေးပါ။အခြားအပင်များကဲ့ သို့ပင်မြေသြဇာစနစ်တကျကျွေးမှသာလျှင်အပင်ဖြစ်ထွန်းမှုကောင်းပြီးအသီးဖြိုင်ဖြိုင်သီးပါမည်။ အသီးထွက်ရနေသောအပင်ကြီးများတွင်မိုးဦးတွင်တစ်ကြိမ်မိုးအကုန်တွင်တစ်ကြိမ်မြေသြဇာကျွေ းသင့်ပါသည်။ မိုးဦးတွင် မြေသြဇာကျွေးခြင်းဖြင့် အပင်ဖြစ်ထွန်းမှု၊ ပွင့်သီးမှု ပိုကောင်းပြီး အသီးများများတင်နိုင်သည်။မိုးအကုန်တွင်မြေသြဇာကျွေးခြင်းသည်လည်းဒန့်သလွန်ပင်အပွင့်အ သီး လိုက်ချိန် ဖြစ်သဖြင့် အပွင့်ပွင့်သီးအားကောင်းစေရန်အတွက်အထောက်အကူဖြစ်စေပါသည်။

ဒန့်သလွန်ညွန့်ကို ဟင်းချိုချက်စားရန် ဆွတ်ခူးလေ့ရှိသည်။ သို့ရာတွင် အသီးဆွတ်ခူးရန် အတွက်စီးပွားဖြစ်စိုက်နိုင်သောစိုက်ခင်းဖြစ်ပါကအညွန့်မခူးသင့်ပါ။ ဖေဖော်ဝါရီလ၊ မတ်လ၊ ဧပြီလများတွင်ဒန့်သလွန်သီးဖြိုင်ဖြိုင်သီးသည်။သို့ရာတွင်တစ်နှစ်ပတ်လုံးပန်းပွင့်သောအပင်တစ် မျိုး ဖြစ်သဖြင့် မိုးတွင်းကာလများတွင်လည်း အသီးကို ရက်ခြား ခူးသွားနိုင်ပါသည်။ ပုံမှန်သီးပွင့်နေသော ဒန့်သလွန်ပင်ကြီးတစ်ပင်သည်တစ်နှစ်လျှင်အများဆုံးအသီး(၂၀၀ မှ ၇၀၀) ထိသီးနိုင်ပါသည်။အသီးအထွက်နှုန်းမှာနွေရာသီတွင်နည်းပါးပြီးမိုးရာသီ၊ဆောင်းရာသီမှာအထွက် များပါသည်။

အပွင့်ပွင့်ချိန်မှရိတ်သိမ်းသည်ထိမတ်-ဇူလိုင်လထိ(၅)လခန့်ကြာမြင့်နိုင့်ပါသည်။ခူးဆွတ် ချိန်(၂-၃လ)ထိကြာမြင့်ပြီးတစ်ပင်လျှင်စိုက်ပျိုးနည်းစနစ်ပေါ်မူတည်ပြီးအသီးတောင့်ရေ(၄၀၀)ထိ ထွက်ရှိနိုင်ပါသည်။ အရွက်သာခူးမည်ဆိုပါက ကိုယ်လိုအပ်သည့်အနေအထားရောက်ပါကစိတ် ကြိုက် ရိတ်သိမ်းခူးဆွတ်နိုင်ပါသည်။ ထုတ်လုပ်မှုမြင့်မားသောခြံများတွင် အပင်အမြင့်၁ပေခွဲ လောက် သာ ချန်ပြီး ခုတ်ပေးလေ့ရှိကြပါသည်။ တစ်နှစ်လျှင် (၉)ကြိမ်ထိ ပြုလုပ်ကြကြောင်း သိရှိရပါသည်။အပင်ကြီးမှရိတ်သိမ်းမယ်ဆိုပါကအပင်အမြင့်(၃-၆ပေ)ထိသာချန်ပြီး ရိတ်သိမ်းကြ ပါသည်။ မိုးရာသီတွင်ပြုလုပ်က အကောင်းဆုံးဖြစ်ပါသည်။ မျိုးပေါ်မူတည်ပြီး အထွက်တိုး မျိုးများသည် (ဥပမာ -PKM1မျိုး) စိုက်ပြီး ၅လအကြာမှာ အသီးများ ကို ခူးဆွတ်နိုင်ပါသည်။

**ဒန့်သလွန်ပင်ကိုင်းဖြတ်ပေးခြင်း**

သီးတောင့်ယူသော အခင်းဖြစ်ပါက အတောင့်များရိတ်သိမ်းပြီးချိန် စတင်ဘာလတွင် မြေပေါ်ပိုင်းပင်စည် ၃ပေ သာချန်ပြီး ခုတ်နိုင်ပါတယ်။ ထိုအချိန်တွင် အထွက်ကောင်းအောင် ရေသွင်းရေလောင်းလုပ်ပေးရန်လိုအပ်ပါသည်။ ရေမရရှိသော နေရာများတွင်မူ မိုးရွာသွန်းမှုအပေါ် ချိန်တွယ်ပြီးမှ ကိုင်းခုတ်သင့်ပါသည်။

ဒန့်သလွန်ပင်သည် လယ်ကန်သင်း၊ ခြံစည်းရိုး၊ လေကာနေကာတန်းနှင့် တပိုင်တနိုင် ဥယျာဉ်ခြံများ၊ သီးသန့်စိုက်ခင်းများ အစရှိသဖြင့် မျိုးစုံစိုက်ပျိုးနိုင်သည့် နှစ်ရှည်သီးနှံပင် တမျိုးဖြစ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ကျောက်ဆည်ခရိုင်တွင် စပါးကို အဓိက ထားစိုက်ပျိုး

သော်လည်း ကျေးလက်နေတောင်သူများသည် ဒန့်သလွန်ပင်များကို စီးပွားဖြစ်စိုက်ပျိုးခြင်း၊ မိသားစုစားသုံးရန်နှင့်အပိုဝင်ငွေရရှိအောင်စိုက်ပျိုးကြပါသည်။ ဒန့်သလွန်ပင်မှ ထွက်ရှိသည့် အစေ့ အရွက်များအား ပြည်ပနိုင်ငံများမှ ဝယ်ယူမှုများ ရှိလာသည့်အပြင် ဈေးနှုန်းမှာ ကောင်းမွန်ခြင်းကြောင့်ပြည်ပဈေးကွက်အလားအလာကောင်းသည့်သီးနှံအဖြစ် တိုးချဲ့စိုက်ပျိုးနိုင်စေရန်လုပ်ဆောင်သင့်ကြောင်း တွေ့ရှိရပါသည်။ အဆိုပါ ဒန့်သလွန်ပင်သည် အပူပိုင်းစွတ်စိုသောမည်သည့်ဒေသတွင်မဆို စိုက်ပျိုးနိုင်သော နှစ်ရှည်သီးနှံပင် ဖြစ်သည့်အပြင် အပင်မှထွက်ရှိသည့် အရွက်နှင့်အစေ့တို့ကို ပြည်ပနိုင်ငံများဖြစ်သော တရုတ်၊ ဂျာမနီ၊ ဗီယက်နမ်၊ ကမ္ဘောဒီးယား၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံများမှ ဝယ်ယူမှုများရှိလာပြီး ဈေးနှုန်းလည်း အဆင်ပြေစွာ ရရှိနေခြင်းကြောင့် စိုက်ပျိုးသင့်သော သီးနှံတစ်ခုဖြစ်ကြောင်းလေ့လာသိရှိရပါသည်။

"ဒန့်သလွန်ပင်ကထွက်ရှိသော အရွက်ကို ကြိတ်ပြီးအမှုန့် ထုတ်လုပ်ရောင်းချနိုင်သလို အစေ့ကိုလည်း ရောင်းချနိုင်သည့်အပြင် ဒန့်သလွန်ဆေးတောင့်ကိုပါ ထုတ်လုပ်နေပြီ ဖြစ်ပါသည်။ ဤသို့ဈေးကွက်အလားအလာကောင်းသော သီးနှံဖြစ်သည့်အတွက် ဒန့်သလွန်၏ရဲယိုစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအစုအဖွဲ့ကို ဖွဲ့စည်းပြီး အဖွဲ့အနေနှင့် စိုက်ပျိုးမှု တိုးတက်များပြားလာအောင်လုပ်ဆောင်မှုများရှိခဲ့သည့်အပြင် စိုက်ပျိုးမှုနှင့် ပတ်သက်သော နည်းစနစ်ပိုင်းဆိုင်ရာများကိုအကူအညီပေးခဲ့သလို ပြည်ပကို ပုံမှန်တင်ပို့နိုင်ရေးအတွက်လည်း ချိတ်ဆက်ဆောင်ရွက်မှု ရှိခဲ့ကြကြောင်းဖတ်ရှုမှတ်သားဘူးပါသည်။ ဒန့်သလွန်ပင်ကို အိန္ဒိယမျိုး၊ ဗီယက်နမ်မျိုးနှင့် မြန်မာမျိုးဟူ၍ အမျိုးအစား သုံးမျိုးစိုက်ပျိုးနိုင်ပြီး အိန္ဒိယမျိုးနှင့် ဗီယက်နမ်မျိုးများအား စိုက်ပျိုးပါက တစ်ဧကလျှင် ငွေကျပ် ၁၅ သိန်းနှင့် သိန်း ၂၀ ဝန်းကျင်ကုန်ကျကာ မြန်မာမျိုးမှာ ကျပ် ၅ သိန်းမှ ၁၀ သိန်းခန့်သာ ကုန်ကျပြီး နှစ် ၃၀ အထက် သက်တမ်းရှိသဖြင့် ရေရှည်ဝင်ငွေ ရရှိသည့် သီးနှံဖြစ်ကြောင်း သိရသည်။ ဒန့်သလွန်ပင်မှ အနက်ရောင်၊ ကော်ဖီရောင်၊ အဖြူရောင် စသည့်ဖြင့် အစေ့အမျိုးအစားများ ထွက်ရှိပြီး အရောင်အလိုက်ဈေးကွာခြားမှုရှိကာ အနက်ရောင်မှာ ဈေးအကောင်းဆုံးဖြစ်သည်။ ယခုအခါ ဒန့်သလွန်ဆီ၊ ဒန့်သလွန် ဆေးတောင့်၊ ဒန့်သလွန်ကြိတ်ဖတ်နှင့် အခြားသော အဆင့်မြင့်ထုတ်ကုန်များကိုလည်း တိုးချဲ့ထုတ်လုပ် လျက် ရှိပြီး ဈေးကွက်အနေအထားမှာလည်း ကောင်းမွန်ကြောင်း သိရသည်။

ဆောင်းပါး ကဏ္ဍ

| | | |
|---|---|---|
| ဆောင်းပါးခေါင်းစဉ် | **–** | **ဒန့်သလွန်ပင် စိုက်ပျိုးရေး<br>(တိုးချဲ့စိုက်ပျိုးသင့်သော ဈေးကွက်ဝင် ဒန့်သလွန်ပင်)** |
| ကလောင်အမည်(ရေးသူ) | – | မူမူ(မလှိုင်) |
| ရေးသားသူအမည်အရင်း | – | ဒေါက်တာခင်ခင်မူ |
| အလုပ်အကိုင်/ရာထူး | – | ဦးစီးအရာရှိ |
| ဌာန | – | မြေအသုံးချရေးဌာနခွဲ |
| ဆက်သွယ်ရန်ဖုန်းနံပါတ် | – | ၀၉ ၇၉၁၁၁၇၃၁၃, khinmumu96@gmail.com |